JUSTICE FOR MYANMAR

သတင်းထုတ်ပြန်ချက်

ဇန်နဝါရီ ၂၅ ရက် | မြန်မာ

မြန်မာနိုင်ငံက တရားမဝင်စစ်အုပ်စုကို ထောက်ခံအားပေးနေတဲ့ အစိုးရတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်း ၆၀ ကျော်ရဲ့အမည်ကို အစီရင်ခံစာသစ်မှာ ဖော်ပြထား

ကုလသမဂ္ဂအပါအဝင် နိုင်ငံပေါင်းစုံအစိုးရအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအစိုးရတွေ၊ နိုင်ငံတကာ ငွေရေးကြေးရေးအဖွဲ့အစည်းတွေနဲ့ တခြားနိုင်ငံတကာအဖွဲ့အစည်းပေါင်း ၆၀ ကျော်တို့က မြန်မာနိုင်ငံက တရားမဝင် စစ်အုပ်စုကို ပံ့ပိုးကူညီမှုတွေ ပေးနေကြပါတယ်။

“အာဏာရှင်စနစ်တစ်ရပ်ဖော်ဆောင်ခြင်း - အစိုးရများနှင့်နိုင်ငံတကာအဖွဲ့အစည်းများက တရားမဝင် မြန်မာစစ်အုပ်စုကို ပံ့ပိုးမှုပုံစံများနှင့် ရပ်တန့်အောင် လုပ်ဆောင်ရမည့်အရာများ” အစီရင်ခံစာမှာ စစ်အုပ်စုကို ပံ့ပိုးကူညီနေတဲ့ အဖွဲ့အစည်းတွေနဲ့ သူတို့ပေးခဲ့တဲ့ ပံ့ပိုးမှုပုံစံတွေကို အသေးစိတ် ဖော်ပြထား ပါတယ်။

အစီရင်ခံစာရဲ့ အဓိကတွေ့ရှိချက်တွေမှာ

- နိုင်ငံတကာအစိုးရ ၂၂
- နိုင်ငံတကာအစိုးရအဖွဲ့အစည်း ၂၆ ဖွဲ့ (ကုလသမဂ္ဂအဖွဲ့အစည်း ၁၄ ဖွဲ့ အပါအဝင်)
- နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်း ၈ ဖွဲ့ နဲ့
- အခြားနိုင်ငံတကာအဖွဲ့အစည်း ၈ ဖွဲ့တို့ ပတ်သက်ဆက်နွယ်နေတဲ့အကြောင်း ဖော်ပြထားပါတယ်။

နောက်ထပ်တွေ့ရှိချက်တွေကို ပူးတွဲတင်ပြထားတဲ့ အနှစ်ချုပ်အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အစီရင်ခံစာမှာ စစ်အုပ်စုကို အဓိက အထောက်အပံ့ပေးနေတဲ့ အမျိုးအစား လေးမျိုး ရှိတယ်လို့ ဖော်ပြ ထားပါတယ်။ အဲ့ဒါတွေကတော့ -

- စစ်အုပ်စုကို နိုင်ငံတကာဖိုရမ်တွေမှာ မြန်မာနိုင်ငံကိုယ်စား ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်မယ့် သံတမန် ဆက်ဆံရေးနဲ့ လုပ်ဆောင်ချက်တွေကတဆင့် တရားဝင်မှုရရှိစေတဲ့ **နိုင်ငံရေးဆိုင်ရာ ပံ့ပိုးကူညီမှု၊**

- စစ်အုပ်စုနဲ့ သူရဲ့အကျိုးစီးပွားအတွက် ထမ်းဆောင်ပေးနေသူတွေဆီ အသိပညာနဲ့ ကျွမ်းကျင်မှုတွေ လွှဲပြောင်းပေးနိုင်တဲ့ **နည်းပညာပူးပေါင်းဆောင်ရွက်မှု**
- ဖွံ့ဖြိုးရေးအစီအစဉ်တွေ၊ ချေးငွေထုတ်ပေးမှုတွေ၊ တိုက်ရိုက်ဝယ်ယူမှုတွေ၊ ဒါမှမဟုတ် စစ်အုပ်စု ထိန်းချုပ်မှုအောက်က ကုမ္ပဏီတွေနဲ့ တခြားစီးပွားရေးလုပ်ငန်းတွေ သွယ်ဝိုက်ပြီး စီးပွားပူးပေါင်း လုပ်ဆောင်တာတွေ၊ ဒါ့အပြင် စစ်အုပ်စုအတွက် ဘဏ္ဍာရေးနဲ့မဟာဗျူဟာအရ ထောက်ပံ့ပေးမယ့် အခြေခံ အဆောက်အဦး ဖွံ့ဖြိုးရေးလုပ်ငန်းတွေကတဆင့် **ငွေကြေးပံ့ပိုးမှု**တွေနဲ့
- စစ်တပ်နဲ့ ဆက်နွှယ်နေတဲ့ စီးပွားရေးလုပ်ငန်းတွေက ဟိုတယ်ခန်းတွေ၊ ရုံးခန်းတွေနဲ့ အိမ်ရာတွေ **ငှားရမ်းတာတွေ** ဖြစ်ကြပါတယ်။

အဲ့ဒီအစီရင်ခံစာမှာ အသေးစိတ် ဖြစ်ရပ်လေ့လာမှု ၁၈ ခု ပါဝင်ပြီး၊ တရားမဝင်စစ်အုပ်စုအတွက် နောက်ထပ်ဘဏ္ဍာငွေတွေ၊ အရင်းအမြစ်တွေနဲ့ အာဏာတွေရရှိနေတာကနေ တားဆီးကာကွယ်ဖို့ ဘယ်လိုလုပ်ရမယ် ဆိုတာကို ရှင်းလင်းတဲ့ အကြံပြုချက်တွေ ပေးထားပါတယ်။

အဲ့ဒီအစီရင်ခံစာမှာ စစ်အုပ်စုကို ပံ့ပိုးကူညီနေတာကို တွေ့ရှိရတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေအတွက် ဥပဒေကြောင်းဆိုင်ရာ စဉ်းစားဖွယ်ရာတွေနဲ့ အကျိုးဆက်တွေအတွက် ဆန်းစစ်သုံးသပ်ချက်တွေ ကိုလည်း ပေးထားတယ်။

Justice For Myanmar ရဲ့ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က "မြန်မာစစ်တပ်က တရားမဝင် အာဏာသိမ်းဖို့ကြိုးပမ်းတာ နှစ်နှစ်နီးပါး ကြာမြင့်လာပါပြီ။ လူပေါင်း ၂,၈၀၀ ကျော်ကို <u>သတ်ဖြတ်ထား</u> ပြီး၊ ၁၃,၆၀၀ ကျော်ကို ဖမ်းဆီးထားဆဲ ဖြစ်ပါတယ်။

စစ်အုပ်စုက မြန်မာပြည်သူတွေအပေါ် မြေလှန်မီးရှို့စစ်ဆင်ရေးတစ်ရပ်ကို ဆင်နွှဲနေပြီး၊ အဆင်ခြင်မဲ့ လေကြောင်းတိုက်ခိုက်မှုတွေနဲ့ ဗုံးကြဲတိုက်ခိုက်မှုတွေ လုပ်ဆောင်နေပါတယ်။ ဒါတွေကြောင့် <u>လူပေါင်း ၁.၁ သန်းအထက်</u> အိုးပစ်အိမ်ပစ် ထွက်ပြေးတိမ်ရှောင်ကြရပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကပ်ဘေးကြီးတစ်ရပ်ကို ဖြစ်စေခဲ့ပါတယ်။

“အခုချိန်ထိ နိုင်ငံတကာအသိုင်းအဝိုင်းအများစုက စစ်အုပ်စုရဲ့ အကြမ်းဖက်စစ်ဆင်ရေးကို အထောက်အကူဖြစ်စေတဲ့ ရန်ပုံငွေနဲ့ အရင်းအမြစ်တွေ စီးဆင်းမှုကို အဆုံးသတ်ဖို့ နည်းနည်းလေးပဲ လုပ်ထားတာဒါမှမဟုတ် လုံးဝလုပ်ဆောင်မှုမရှိတာကို တွေ့ရပါတယ်။

“အခုချိန်မှာ နိုင်ငံခြားအစိုးရတွေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတချို့က မြန်မာပြည်သူတွေကို ကူညီဖို့လျစ်လျူရှုထားရုံသာမကဘဲ၊ မြန်မာပြည်သူတွေကို ရက်စက်ကြမ်းကြုတ်စွာနဲ့ ဖိနှိပ်နေတဲ့ စစ်အုပ်စုကိုတက်တက်ကြွကြွ ပံ့ပိုးကူညီနေတယ်ဆိုတာက ထင်ရှားပါတယ်။

“နိုင်ငံတကာအစည်းအဝေးတွေမှာ မြန်မာနိုင်ငံကို ကိုယ်စားပြုဖို့ စစ်အာဏာရှင်တွေကို ဖိတ်ကြားတာကနေ စစ်ဘက်ဆိုင်ရာအရာရှိတွေကို လေ့ကျင့်ပေးတာနဲ့ စစ်တပ်နဲ့ဆက်နွယ်တဲ့ ဟိုတယ်တွေမှာဒေါ်လာသန်းပေါင်းများစွာ သုံးစွဲနေတာတွေအဆုံး စစ်အုပ်စုအတွက် ပံ့ပိုးကူညီမှုပုံစံအားလုံးဟာလက်ခံနိုင်စရာ မရှိပါဘူး။

“ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားတဲ့ အမျိုးသားညီညွတ်ရေးအစိုးရ အဖွဲ့ဝင်တွေကသာလျှင် နိုင်ငံတကာအစည်းအဝေးတွေကို ဖိတ်ကြားသင့်တဲ့ မြန်မာနိုင်ငံရဲ့ တရားဝင်ကိုယ်စားပြုသူတွေ ဖြစ်ပါတယ်။

“မြန်မာစစ်တပ်နဲ့ ဘဏ္ဍာရေးဆိုင်ရာ ဆက်နွယ်မှုအားလုံးကို ဖြတ်တောက်ရမှာ ဖြစ်ပြီး၊ စစ်အုပ်စု၊ သူရဲ့စီးပွားရေးလုပ်ငန်းတွေနဲ့ အပေါင်းအပါတွေအပေါ် ကမ္ဘာလုံးဆိုင်ရာနဲ့ နိုင်ငံချင်းအလိုက် ပစ်မှတ်ထားဒဏ်ခတ်ပိတ်ဆို့မှုတွေ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

“နိုင်ငံခြားအစိုးရအားလုံးနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေအားလုံးအနေနဲ့ စစ်အုပ်စုအတွက် ပံ့ပိုးမှုပုံစံအားလုံးကို ရပ်တန့်ဖို့ ချက်ချင်းအရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့ ကျွန်မတို့ တောင်းဆိုပါတယ်။”လို့ ပြောကြားလိုက်ပါတယ်။

အစီရင်ခံစာမှာ ဖော်ပြထားတဲ့ အဖွဲ့အစည်းတွေထဲက ၁၃ ဖွဲ့ဟာ စစ်အုပ်စုအတွက် သူတို့ရဲ့ ထောက်ပံ့မှုတွေ ရပ်တန့်ဖို့အတွက် အရေးယူဆောင်ရွက်ချက်တွေကို လတ်တလော လုပ်ဆောင်ထားပါတယ်။

ပိုမိုသိရှိရန်

အစီရင်ခံစာကို JFM ဝက်ဆိုဒ်တွင် ကြည့်ရှုပါ။

Justice For Myanmar | media@justiceformyanmar.org

https://www.justiceformyanmar.org/ | Mirror:

https://justiceformyanmar.github.io/justiceformyanmar.org/

https://twitter.com/justicemyanmar | https://www.facebook.com/justiceformyanmar.org/

Justice For Myanmar သည် မြန်မာနိုင်ငံပြည်သူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေး လှုပ်ရှားမှုကို လှုံ့ဆော်နေသည့် လျှို့ဝှက်တက်ကြွလှုပ်ရှားသူအုပ်စုဖြစ်ပြီး စစ်ဘက်ဆိုင်ရာစီးပွားရေးကို ရပ်တန့်ရန်နှင့် ဖက်ဒရယ်ဒီမိုကရေစီနှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးရရှိရန် တောင်းဆိုထားသည်။